Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com

## အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၃၁၂)

# "ပြည်သူတွေ အစဉ်နိုးကြားနေဖို့သာ အရေးကြီးပါသည်"

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ မြန်မာနိုင်ငံကို စီးပွားရေးအဆက်အသွယ် ဖြတ်တောက်ရေး တွေကို စွန့်လွှတ်ကြောင်း ကြေညာမယ်ဆိုရင် သူကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးမယ်ဆိုပြီး နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ ကို (စက်တင်ဘာ(၃၀)ရက်နေ့ မြန်မာနိုင်ငံခရီးစဉ်အတွင်း) ပြောဆိုခဲ့ကြောင်း အောက်တိုဘာ (၄) ရက်နေ့ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ နအဖရဲ့ ကြေညာချက် အမှတ် ၁/၂၀၀၇ မှာ ထည့်သွင်းဖေါ်ပြခဲ့ပါတယ်။ ကြိုတင်စည်းကမ်းချက်တွေပါတဲ့ ဗိုလ်ချုပ်မှူးကြီးရဲ့ကမ်းလှမ်းချက်ကို ဒေါ်အောင်ဆန်းစုကြည်ဖက်က ဘယ်လိုတုန့်ပြန်ခဲ့သလဲ ဆိုတာ အတိအကျမသိရသေးခင် နအဖက ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးနိုင်ဖို့ အလုပ်သမားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ကြည် ကို ဆက်သွယ်ရေးဝန်ကြီးအဖြစ် တာဝန်ပေးလိုက်ကြောင်း အောက်တိုဘာ(၈)ရက်နေ့ ရက်စွဲနဲ့ ကြေညာချက် ၂/၂၀၀၇ ကို ထပ်ပြီးထုတ်ပြန်ခဲ့တာ တွေ့ရပါတယ်။

နအဖရဲ့ ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကြည်က အောက်တိုဘာ(၂၅)ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို ရန်ကုန်မြို့ရှိ အစိုးရဧည့်ဂေဟာတစ်ခုမှာ ပထမဆုံးအကြိမ်အဖြစ် ခေါ်ယူပြီးတွေ့ဆုံခဲ့ပါတယ်။ နိုဝင်ဘာ(၉)ရက်နေ့မှာ ဦးအောင်ကြည်က ဒေါ်အောင်ဆန်းစုကြည် ကိုသာမက အဖွဲ့ချုပ်ခေါင်းဆောင်တွေဖြစ်ကြတဲ့ ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးညွန့်ဝေ နဲ့ ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်း တို့ကို အစိုးရဧည့်ဂေဟာကို ခေါ်ယူပြီး သီးခြားစီ ထပ်မံတွေ့ဆုံခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်ခေါင်းဆောင်တွေကိုလည်း (၃)နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ်နဲ့ အချင်းချင်းတွေ့ဆုံပြီး ညှိနှိုင်းတိုင်ပင်ခွင့် ပေးခဲ့ပါတယ်။ အဖွဲ့ချုပ်ခေါင်းဆောင်တွေရဲ့ ဒီတွေ့ဆုံဆွေးနွေးပွဲမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်းဆိုထားတဲ့ ကြိုတင်စည်းကမ်းချက်တွေကို အဖွဲ့ချုပ်အနေနဲ့ ဘယ်လိုတုန့်ပြန်သင့်သလဲ ဆိုတဲ့ အကြောင်းအရာကိုပါ ထည့်သွင်းဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဖွဲ့ချုပ်ခေါင်းဆောင်ပိုင်းက နအဖရဲ့ ခြေလှမ်းတွေကို အပြုသဘောအဖြစ်နဲ့ ရှုမြင်ပြီး ကြိုဆိုခဲ့ကြတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ပါတီရဲ့အောက်ခြေပိုင်းနဲ့ ပြည်သူလူထုအတွင်းမှာတော့ နအဖရဲ့ တင်းမာပြီး အပေါ်စီးဆန်တဲ့ ကမ်းလှမ်းချက်နဲ့ အတိုက်အခံတွေ၊ ပြည်သူတွေအပေါ် ပြင်းပြင်းထန်ထန်နှိပ်ကွပ်မှုတွေ၊ စွပ်စွဲတိုက်ခိုက် ပြောဆိုမှုတွေ၊ ဆက်လက်ပြုလုပ်နေတာတွေကို ထောက်ပြပြီး နအဖရဲ့ တွေ့ဆုံဆွေးနွေးရေးသဘောထားအပေါ် သံသယရှိနေကြပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအပါအဝင် နိုင်ငံတကာရဲ့ဖိအားတွေကို ရှောင်လွှဲနိုင်ဖို့အတွက် ဟန်ပြသဘောနဲ့ လုပ်ဆောင်ပြနေတာဖြစ်တယ်လို့ ယူဆနေကြပါတယ်။ စစ်အုပ်စုကလည်း အပြောတမျိုး အလုပ်တမျိုး၊ လုပ်ခဲ့တာတွေ များလွန်းခဲ့လေတော့ သူတို့အပေါ် ပြည်သူအများစုက ဒီလိုရှုမြင်သုံးသပ်တာဟာ သဘာဝကျတယ်လို့ ဆိုနိုင်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒုတိယအကြိမ် နေအိမ်အကျယ်ချုပ် သက်တမ်းကာလ (၂၀၀၀ ခုနှစ် စက်တင်ဘာ ၂၁ရက်နေ့မှ ၂၀၀၂ခုနှစ် မေလ ၆ ရက်နေ့) အတွင်း ပြည်တွင်းပြည်ပ ဖိအားတွေကြောင့် နအဖစစ်အစိုးရက လျှို့ဝှက်ပြီး တွေ့ဆုံဆွေးနွေးမှုတွေ စတင်ပြုလုပ်ခဲ့ရပါတယ်။ အဲဒီကာလအတွင်း နအဖအကြီးအကဲကိုယ်တိုင် (၄)ကြိမ်၊ ဝန်ကြီးတစ်ဦး ခေါင်းဆောင်တဲ့ အဖွဲ့က (၁၀)ကြိမ်အထိ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ နအဖက ထုတ်ဖေါ်ပြောဆိုခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၂ ခု

နှစ် မေလ(၆)ရက်နေ့မှာ နေအိမ်အကျယ်ချုပ်က ပြန်လွှတ်ပေးပြီးတော့လည်း ဝန်ကြီးတစ်ဦး ဦးဆောင်တဲ့အဖွဲ့က (၃)ကြိမ် ထပ်မံတွေ့ဆုံပြီး ဆွေးနွေးခဲ့သေးတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ဒီတွေ့ဆုံဆွေးနွေးပွဲမှာ ဆွေးနွေးခဲ့တဲ့အကြောင်းအရာတွေကို လျှို့ဝှက်ထားရမယ်ဆိုတဲ့မူအရ ဘယ်လိုအကြောင်းအရာတွေကို ဆွေးနွေးခဲ့ကြပြီး ဘယ်အချက်တွေမှာ သဘောထားကွဲလွဲခဲ့ကြသလဲ ဆိုတာကို ပြည်သူတွေက အခုအချိန်အထိ တိတိကျကျ သိရှိခွင့်မရကြသေးပါဘူး။ သေချာတဲ့တစ်ချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်ဆိုတဲ့ နအဖအကြီးအကဲက ဒေါ်အောင်ဆန်းစုကြည်နဲ့ ထပ်တွေ့ဖို့ မဆိုထားနဲ့ အသံတောင်မကြားချင်ဘူးဆိုတဲ့ စကားသံတွေ နအဖအသိုင်းအဝိုင်းကြားမှာ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါတယ်။ ဒီစကားသံတွေထွက်လာပြီး သိပ်မကြာခင် ၂၀၀၃ခုနှစ် မေ(၃၀) ဒီပဲယင်း လူသတ်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို အပြတ်ရှင်းဖို့ ကြိုးပမ်းမှုတွေ ပေါ်ပေါက်လာခဲ့တာ တွေ့ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၂ခုနှစ် မေလ(၆)ရက်နေ့မှာ နေအိမ်အကျယ်ချုပ်က ပြန်လည်လွှတ်ပေးခဲ့စဉ် အမေရိကန်နိုင်ငံ ဝါရှင်တန် ဒီစီ ရှိ နအဖသံရုံးက ထုတ်ပြန်ခဲ့တဲ့ "ယနေ့သည် မြန်မာပြည်သူလူထုတစ်ရပ်လုံးနှင့် ကမ္ဘာ့မိသားစု အသိုင်းအဝိုင်းအတွက် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်လိုက်သော နေ့တစ်နေ့ဖြစ်ပေသည်" ဆိုတဲ့ ကြေညာချက်ဟာ ၂၀၀၃ မေ (၃၀) ဒီပဲယင်းလူသတ်ပွဲနဲ့ သမိုင်းနိဂုံးချုပ်သွားခဲ့ရပါတယ်။

မေ(၃၀) ဒီပဲယင်းလူသတ်ပွဲ လုပ်ရပ်ကြောင့် နအဖစစ်အုပ်စုအပေါ် နိုင်ငံတကာရဲ့ဖိအားတွေ ပိုမိုများပြားလာခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂတို့ကလည်း လက်တွေ့ကျတဲ့ ပိတ်ဆို့အရေးယူမှုတွေကို တိုးချဲ့ပြုလုပ်လာခဲ့ပါတယ်။ နအဖစစ်အစိုးရက ဒီပိတ်ဆို့အရေးယူမှုတွေကြောင့် သူတို့ရဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွေကို မထိခိုက်ပါဘူးလို့ ကုန်းအော်ခဲ့ကြပေမဲ့ အခုအခါမှာတော့ နအဖရဲ့ အာဏာလွှဲအပ်ခြင်းခံရတဲ့၊ **Mandate** ရ၊ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ကျော်ဆန်းကိုယ်တိုင်က "အမေရိကန်နဲ့ အီးယူတို့ရဲ့ ပိတ်ဆို့အရေးယူမှုတွေကြောင့် တိုးတက်မှုများ ရသင့်သလောက်မရပဲ ဖြစ်နေကြောင်း၊ လူတစ်ယောက်ကို ကြိုးနဲ့တုတ်ထားပြီး အပြေးခိုင်းသလိုဖြစ်နေတယ်၊ အဘက်ဘက်က ပိတ်ဆို့ထားပြီး ဖွံ့ဖြိုးတိုးတက်မှု မရကောင်းလား၊ ဝင်ငွေနည်းရကောင်းလား၊ ဆင်းရဲမွဲတေရကောင်းလားလို့ အပြစ်ရှာနေရင် အဖြေမှန်ကို မရောက်နိုင်ဘူး၊ ဒါကြောင့် ပိတ်ဆို့မှုအားလုံးရုတ်သိမ်းပြီး အကူအညီတွေ၊ အကြံဉာဏ်တွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ကြမယ်ဆိုရင် ဆင်းရဲနွမ်းပါးမှုပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်တယ်၊ ဒါကြောင့် ပိတ်ဆို့ထားမှုတွေကို ရုတ်သိမ်းပေးဖို့ အဓိကလိုအပ်တယ်" စသည်ဖြင့် နိုဝင်ဘာ(၆)ရက်နေ့မှာ မစ္စတာဂမ်ဘာရီနဲ့ တွေ့ဆုံဆွေးနွေးစဉ် ထည့်သွင်းပြောဆိုနေရပြီ ဖြစ်ပါတယ်။

နအဖဗိုလ်ချုပ်တွေဟာ ကိုယ့်မျက်ချေး ကိုယ်မမြင်ပဲ၊ သူများကို လက်ညှိုးထိုးဖို့သာ စိတ်ကူးနေကြသူတွေ ဖြစ်ပါတယ်။ သူတို့ကိုယ်တိုင်က ဒေါ်အောင်ဆန်းစုကြည်ကို ကြိုးနဲ့တုတ်ပြီး တွေ့ဆုံဆွေးနွေးရေး စတင်နေပါပြီလို့ ပြောဆိုနေသူတွေ ဖြစ်ပါတယ်။ မြန်မာပြည်သူတွေဟာ ဆင်းရဲတွင်းပိုနက်လာပြီး လူမှုဒုက္ခအကျပ်အတည်းတွေနဲ့ အကြီးအကျယ် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ မြန်မာပြည်ရဲ့ ကုန်ထုတ်လုပ်မှုစုစုပေါင်းတန်ဖိုးဟာ အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေရဲ့ တစ်ဝက်လောက်တောင် မရှိတော့ကြောင်း၊ ဒီလိုအခြေအနေတွေကနေ တိုးတက်လာအောင် ကုလသမဂ္ဂတာဝန်ရှိသူတွေအနေနဲ့ အမြန်ဆုံး အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်သင့်နေပြီလို့ အောက်တိုဘာ(၂၄)ရက် ကမ္ဘာ့ကုလသမဂ္ဂနေ့မှာ မြန်မာပြည်ဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီတွေရဲ့ စုပေါင်းထုတ်ပြန် သတိပေးချက်ကိုလည်း နအဖဗိုလ်ချုပ်တွေက လက်မခံပဲ ခါးခါးသီးသီး ငြင်းဆန်ပယ်ချခဲ့ပြီး အဲဒီကြေညာချက်ကို ဦးဆောင်ထုတ်ပြန်ခဲ့သူ ရန်ကုန်မြို့က ကုလသမဂ္ဂဌာနေကိုယ်စားလှယ် မစ္စတာ ချားလ်စ် ပက်ထရီ **(Mr. Caharles Patrie)** နဲ့လည်း တွဲပြီးအလုပ်မလုပ်နိုင်တော့ဘူးလို့ အောက်တိုဘာ (၂၅) ရက်နေ့မှာ နအဖနိုင်ငံခြားရေးဝန်ကြီးဌာနက အကြောင်းကြားခဲ့ပါတယ်။

နိုင်ငံတော်အနေနဲ့ ၁၉၈၈ခုနှစ်ကထက်စာရင် မနှိုင်းယှဉ်နိုင်လောက်အောင် ဖွံ့ဖြိုးတိုးတက်နေကြောင်း၊ လွန်ခဲ့တဲ့ ဩဂုတ်လနဲ့ စက်တင်ဘာလတွေအတွင်း တစ်ပြည်လုံးမှာဖြစ်ပွားခဲ့တဲ့ သံဃာတော်တွေဦးဆောင်တဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြပွဲတွေဟာ လောင်စာဆီဈေးနှုန်းကို အကြောင်းပြပြီး ပြည်တွင်းက နိုင်ငံရေးပါတီတစ်ခုနဲ့ ပြည်ပနိုင်ငံကြီးတစ်ခုက နံမည်ကြီးထောက်လှမ်းရေးအဖွဲ့တို့ ပူးပေါင်းလှုံ့ဆော် ဖန်တီးခဲ့လို့ ဖြစ်ပွားခဲ့ရတာဖြစ်ကြောင်း၊ ဆန္ဒပြပွဲတွေမှာ ဦးဆောင်ပါဝင်ခဲ့သူတွေဟာလည်း သံဃာတော်အစစ်တွေမဟုတ်ပဲ၊ အတုအယောင်တွေသာ ဖြစ်ကြောင်း၊ နအဖဗိုလ်ချုပ်တွေက မျက်လုံးစုံမှိတ် စွပ်စွဲနေကြပေမဲ့ လက်တွေ့မှာတော့ မြန်မာပြည်တစ်ဝှမ်းလုံးမှာ ဖြစ်ပွားခဲ့တဲ့ သံဃာတွေနဲ့ပြည်သူတွေရဲ့ ဆန္ဒပြပွဲတွေဟာ ဆင်းရဲကျပ်တည်းမှုတွေကို ဘယ်လိုမှမခံနိုင်တော့လို့ အုံကြွပေါက်ကွဲလာကြတာဖြစ်တယ်လို့ (စရခ) ခေါ် တပ်မတော်စစ်ဖက်ရေးရာလုံခြုံရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လွန်ခဲ့တဲ့ အောက်တိုဘာလလဆန်းပိုင်းမှာ နအဖအကြီးအကဲတွေထံ သုံးသပ်တင်ပြခဲ့ပြီးဖြစ်ပါတယ်။

တစ်ပြည်လုံးမှာရှိတဲ့ စရဖ ခေါ် စစ်ဘက်ရေးရာလုံခြုံရေးတပ်ဆွယ်တွေရဲ့ လျှို့ဝှက် စာရင်းကောက်ခံမှုတွေအရ သာမန် အိမ်ထောင်စုတစ်ခုရဲ့ ဝင်ငွေနဲ့ထွက်ငွေဟာ လုံးဝ မမျှမတဖြစ်နေပြီး၊ ဒီအတိုင်းဆက်သွားရင် နိုင်ငံတော်ရဲ့ စီးပွားရေး အခြေအနေဟာ မကြာခင် လုံးဝ ပြိုလဲသွားနိုင်ကြောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အစီရင်ခံတင်ပြခဲ့တာ ဖြစ်ပါတယ်။ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်ရဲ့ သုံးသပ်တင်ပြချက်တွေကို ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနဲ့ ဗိုလ်ချုပ်ကြီးရွှေမန်း တို့က သဘောတူ လက်ခံကြပေမဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တင်းမာတဲ့သဘောထားရှိသူ ဗိုလ်ချုပ်တစ်စုကတော့ လက်မခံကြဘူးလို့ ဆိုပါတယ်။ ဆက်ပြီး တင်းမာနေရင် ကုလသမဂ္ဂအပါအဝင် ပြည်တွင်းပြည်ပ ဖိအားတွေပိုများလာပြီး ထိန်းမနိုင်တဲ့ အခြေအနေတွေ ပေါ်ပေါက်လာနိုင်ကြောင်း နအဖထိပ်တန်းဗိုလ်ချုပ်တချို့က ဝိုင်းဝန်းနားချ တောင်းပန်ခဲ့အတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တဖက်က မလိုက်လျှောနိုင်တဲ့ တောင်းဆိုချက်မျိုးတွေကို ကြိုတင်စည်းကမ်းချက်အနေနဲ့သတ်မှတ်ပြီး တမင်တင်ပြခဲ့တာဖြစ် တယ်လို့ ဆိုပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ သူ့ရဲ့နောက်လိုက် ဗိုလ်ချုပ်တစ်စုက ဒေါ်အောင်ဆန်းစုကြည်အပေါ် ပုဂ္ဂိုလ်ရေးအရ ဘယ် လိုပဲ တင်းမာတဲ့သဘောထား ရှိနေပါစေ တပ်မတော်အတွင်းမှာ တွေ့ဆုံဆွေးနွေးရေးကို မလုပ်ရင်မဖြစ်တော့ဘူးဆိုတဲ့ အင်အားစုတွေ တဖန်ပြန်ပြီး ပေါ်ထွက်လာနေပြီလို့ ယူဆရပါတယ်။ ဒီလိုအခြေအနေမှန်ကို သိရှိလက်ခံတဲ့ တပ်မတော်အရာရှိ ကြီးတွေ အင်အားကောင်းလာမှသာ စစ်မှန်ပြီး အနှစ်သာရရှိတဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ သက်ဆိုင်သူ အားလုံးက စိတ်ကောင်းစေတနာမှန်နဲ့ တွေ့ဆုံဆွေးနွေးကြမှသာ ခိုင်မြဲတဲ့ အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင် မှာဖြစ်ပါတယ်။ အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကတော့ သူ့အနေနဲ့ ပြည်သူလူထုနဲ့ တိုင်းပြည်ရဲ့မျက်နှာကို ကြည့်ပြီး နအဖနဲ့ အဆင်ပြေဆုံးဖြစ်အောင် ဆွေးနွေးအဖြေရှာသွားဖို့ အဆင်သင့်ရှိကြောင်း မြန်မာ ပြည်သူတွေနဲ့ တစ်ကမ္ဘာလုံးကို တရားဝင်ကြေညာထားပြီး ဖြစ်ပါတယ်။

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာကလည်း မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေး နွေးပွဲတွေ အောင်မြင်အောင် လုပ်နိုင်မယ်ဆိုရင် နအဖအပေါ် ပိတ်ဆို့အရေးယူထားတာတွေကို ဖယ်ရှားပေးမဲ့အပြင် မြန်မာ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာရံပုံငွေတစ်ရပ်ထူထောင်ပြီး ကမ္ဘာ့ဘဏ်ကတဆင့် ကြီးကြပ်ကူညီသွားဖို့ အသင့် ရှိနေပြီဖြစ်ပါတယ်။ နအဖအနေနဲ့ နိုင်ငံနဲ့ပြည်သူလူထုရဲ့ အကျိုးစီးပွားကို အဓိကထားမယ်ဆိုရင် ဒီလိုအခွင့်အရေးမျိုးကို လက် လွှတ်မခံသင့်ပါဘူး။ တချိန်တုံးကလည်း ကမ္ဘာ့ဘဏ်က  မြန်မာနိုင်ငံမှာ တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်မယ်ဆိုရင် ဒေါ်လာသန်း တစ်ထောင် ကူညီမယ်လို့ ကမ်းလှမ်းခဲ့ဘူးပါတယ်။ အဲဒီအချိန်က နဝတ နိုင်ငံခြားရေးဝန်ကြီး ဦးအုန်းကျော် က “ကျုပ်တို့ဟာ မျောက်တွေ မဟုတ်ဘူး” ဆိုပြီး ပယ်ချခဲ့ဘူးပါတယ်။ ဒါပေမဲ့ အဲဒီအချိန်က ကုလသမဂ္ဂနဲ့ နိုင်ငံတကာက ထိရောက်တဲ့ဖိအား ပေးမှုတွေ မလုပ်နိုင်ခဲ့လို့ နဝတဗိုလ်ချုပ်တွေက ဒီလို တင်းတင်းမာမာ တုန့်ပြန်ရဲခဲ့တာ ဖြစ်နိုင်ပါတယ်။

မြန်မာ့တပ်မတော်အနေနဲ့ မိမိရဲ့အခြေအနေတွေနဲ့ တစ်ကမ္ဘာလုံးမှာ ပြောင်းလဲလာနေတဲ့ အခြေအနေတွေကို အမှန် အတိုင်း ရှုမြင်လက်ခံဖို့ အရေးကြီးပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေအပါအဝင် မြန်မာပြည်သူတစ်ရပ်လုံးက ငြိမ်းချမ်းစွာနဲ့ ပြဿနာဖြေရှင်းရေးကို လိုလားနေကြတဲ့ ဒီလိုအခြေအနေ အချိန်အခါမျိုးဟာ မြန်မာ့တပ်မတော်အတွက် အခွင့်ကောင်း တစ်ရပ် ဖြစ်ပါတယ်။ သံသယနဲ့ အကြောက်တရားတွေကို လျှော့ချပြီး စိတ်ကောင်းစေတနာမှန်တွေနဲ့ အားလုံးတွေ့ဆုံဆွေးနွေး အဖြေ ရှာသင့်နေပြီပါတယ်။ ဖြစ်သင့်ဖြစ်ထိုက်တဲ့အခြေအနေကို လက်မခံပဲ ပုဂ္ဂိုလ်ရေးအာဃာတတွေနဲ့ တင်းခံနေသူတွေ ရှိရင်လည်း တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုး၊ တပ်မတော်အကျိုးအတွက် ရဲရဲရင့်ရင့် ဖယ်ရှားပစ်ရမဲ့အချိန်ကို ရောက်ရှိ နေပြီဖြစ်ပါတယ်။

အခုလို အခြေအနေတွေ ဖြစ်ထွန်းပေါ်ပေါက်လာရတာဟာ ရဟန်းရှင်လူ ပြည်သူလူထုရဲ့ ရဲရင့်တက်ကြွစွာ စွန့်လွှတ် တိုက်ပွဲဝင်ခဲ့မှုတွေကြောင့် ဖြစ်ပါတယ်။ နအဖဗိုလ်ချုပ်တွေရဲ့ လုပ်ရပ်မှန်သမျှ သံသယတွေ စိုးရိမ်စိတ်တွေနဲ့ စောင့်ကြည့် ဝေဖန်နေမဲ့အစား ကိုယ့်ဘက်က အမြဲအသင့်ဖြစ်နေအောင်၊ အစဉ်နိုးကြားနေအောင် ပြင်ဆင်ထားရင်း နအဖနဲ့ အဖွဲ့ချုပ်တို့ အကြား တွေ့ဆုံဆွေးနွေးရေး အောင်မြင်အောင် ဘက်ပေါင်းစုံက ဆက်လက်ပြီး တွန်းအားပေးနေဖို့လိုအပ်ကြောင်း သုံးသပ် တင်ပြလိုက်ရပါတယ်။   ။

***End of report/ Sunday, November 11, 2007***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***